**Assistance Association for Political Prisoners (Burma)**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)**

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**e.mail: info@aappb.org website: www.aappb.org**

---

# မည်သူ့တို့အား နိုင်ငံရေးအကျဉ်းသားအဖြစ်သတ်မှတ်သည်ကို အေအေပီပီမှ ထုတ်ပြန်

သတင်းထုတ်ပြန်ချက်
ရက်စွဲ။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (အေအေပီပီ) မှ ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြခြင်းဖြင့်လည်းကောင်း လက်နက်ကိုင်လမ်းစဉ်ဖြင့်လည်းကောင်း နိုင်ငံရေး လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ (သို့) အားပေးထောက်ပံ့ကူညီခြင်း သို့မဟုတ် ထိုသို့ ပါဝင်သည်၊ ထောက်ပံ့ကူညီသည်ဟု စွပ်စွဲခံရခြင်းတို့ကြောင့် မြန်မာနိုင်ငံထောင်အသီးသီး၊ ရဲဘက် စခန်းများနှင့် စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံရသော မည်သူကိုမဆို နိုင်ငံရေး အကျဉ်းသားဟု သတ်မှတ်ပါသည်။ အေအေပီပီမှ ပြုစုထားသောစာရင်းတွင် ထည့်သွင်းဖော်ပြထားသော ဖမ်းဆီးခံရသူ တစ်ဦးချင်းသည် နိုင်ငံရေးနှင့်သက်ဆိုင်ပြီး အကျဉ်းချခံထားရသူများဖြစ်ကြပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့သည် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအကျဉ်းသားများ ရှိသည်ဆိုခြင်းကို ငြင်းဆန်ခဲ့ကြပါသည်။ ထိုသို့ပင်လက်ရှိ ဦးသိန်းစိန်၏ အစိုးရသစ်သည်လည်း ငြင်းဆန်နေဆဲဖြစ်ပါသည်။ ထို့အတွက် မတရားသည့်အုပ်ချုပ်မှုအား ဆန့်ကျင်သူများသည် ရာဇဝတ်ပုဒ်မများနှင့် မတရားစွဲဆိုကာ ရာဇဝတ်အကျဉ်းသားများအဖြစ်သတ်မှတ်ခံနေရပါသည်။ ဥပမာအားဖြင့် အာဏာပိုင်များသည် ၄င်းတို့အား ဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားသူများ၊ သတင်းထောက်များ၊ ကျောင်းသားများ၊ တိုင်းရင်းသားများနှင့် အလွှာအသီးသီးမှပြည်သူလူထုအား အခြေအမြစ်မရှိသော ရာဇဝတ်မှုများဖြင့် မတရားသက်သက် သိက္ခာချကာ တရားစွဲဆိုထောင်သွင်းအကျဉ်းချခဲ့ပါသည်။ ထို့အတွက် အေအေပီပီ မှ နိုင်ငံရေးအကျဉ်းသားများအဖြစ်သတ်မှတ်ရာတွင် ၄င်းတို့အားစွဲဆိုထားသော အမှုများထက် တစ်ဦးချင်းစီ၏ နိုင်ငံရေးလှုပ်ရှားမှုများအပေါ်ခွဲခြားဆုံးဖြတ်ပါသည်။ ခြုံငုံပြောရမည်ဆိုလျှင် ၄င်းတို့မည်သည့်အတွက်ကြောင့် အဖမ်းခံရသည်အကျဉ်းချခံရသည်ဆိုသည့် နိုင်ငံရေးလှုပ်ရှားမှု နောက်ခံအား ဦးစားပေးဆုံးဖြတ်ပါသည်။

မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မကြာခင်သင့်တော်သည့် အချိန်တွင် အကျဉ်းသားများအား လွှတ်ပေးရန်ရှိပါသည်ဟု ပြောကြားပြီးနောက်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းသားများလွတ်လာမည်ဟူသော သတင်းများ ပြန့်နှံ့လာပါသည်။ နိုင်ငံခြားရေးဝန်ကြီး နိုင်ငံရေးအကျဉ်းသား စကားလုံးအား ထည့်သွင်းပြောဆိုသွားခြင်းမရှိသော်လည်းလက်ရှိဦးသိန်းစိန်အစိုးရမှ အုပ်ချုပ်သူများအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်မည်ဆိုလျှင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးရမည်ဖြစ်ပြီး ၄င်းတို့အပေါ်မတရားချမှတ်ထားသည့်ရာဇဝတ်မှု မှတ်တမ်းများကိုလည်း ပယ်ဖျက်ပေးရမည်ဖြစ်သည်။

အေအေပီပီ အနေဖြင့် မည်သည့်နိုင်ငံရေးအကျဉ်းသားကိုမဆို လွှတ်ပေးခြင်းအား ကြိုဆိုသော်လည်းလက်ရှိအစိုးရသည်လည်း ပြည်သူလူထု၏အခြေခံလူ့အခွင့်အရေးများနှင့် နိုင်ငံသားအခွင့်အရေးများအားအသိအမှတ်မပြုရုံမျှမက ထိုအခွင့်အရေးများအတွက် လုပ်ဆောင်သူများ၊ တောင်းဆိုသူများအား ဖမ်းဆီးကာရာဇဝတ်မှုများနှင့်စွဲဆို အကျဉ်းချနေဆဲဖြစ်သောကြောင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် သာမန်ပြည်သူလူထုသည် ဖမ်းဆီးခံရမည့်အရေး၊ အကျဉ်းချခံရမည့်အရေးများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ဦးသိန်းစိန်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်လက်ခံမှုကို ရယူလိုလျှင်

အမှန်တကယ်စစ်မှန်သော နိုင်ငံရေးပြောင်းလဲမှုများအား ဖော်ဆောင်ကာ မကြာတော့မည့် အနာဂတ်ကာလတွင် စိတ်ရင်းစေတနာမှန်သည့် လွတ်ငြိမ်းချမ်းသာခွင့်အား ထုတ်ပြန်ရပါမည်။

မှတ်ချက်။ ။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် စစ်မှန်သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးတို့အား အထောက်အကူဖြစ်စေရေးအတွက် အေအေပီပီအနေဖြင့် လက်နက်ကိုင်တော်လှန်ရေးတွင်ပါဝင်သူများနှင့် ရာဇဝတ်ပုဒ်မများနှင့် တမင်သိက္ခာချ စွဲချက်တင်ခံရသူ နိုင်ငံရေးလှုပ်ရှားသူများ အားပေးကူညီများအား နိုင်ငံရေးအကျဉ်းသားများမဟုတ်ဟု ခွဲခြားသတ်မှတ်မည်မဟုတ်ပါ။ အေအေပီပီအနေဖြင့် ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပါဝင်ဆောင်ရွက်မှုကြောင့် ထောင်သွင်းအကျဉ်းချခံရသူများအားလုံးကို နိုင်ငံရေးအကျဉ်းသားများဟု သတ်မှတ်ပါသည်။

## နိုင်ငံရေးအကျဉ်းသားများအား သိက္ခာချရာတွင် (သို့) နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးထိန်းသိမ်းရာတွင် အသုံးများသည့် ဥပဒေများ

မှတ်ချက်။ ။ လက်လှမ်းမီသလောက်ပြုစုထားခြင်းဖြစ်ပါသည်။ ယခုဇယားထဲတွင်မပါသည့် ပုဒ်မျများနှင့် အကျဉ်းချခံထားရသည့် နိုင်ငံရေးအကျဉ်းသားများလည်းရှိနိုင်ပါသည်။

| ဥပဒေ | ပုဒ်မ | စွဲဆိုချက်များ | အမြင့်ဆုံးထောင်ဒဏ် |
|---|---|---|---|
| ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ | ၁၂၁၊ ၁၂၂(၁)၊ ၁၂၂(၂) | နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်ခြင်း၊ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ပြစ်ဒဏ်။ | သေဒဏ် (သို့) တစ်သက်တစ်ကျွန်း ထောင်ဒဏ် |
| ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ | ၁၂၄၊ ၁၂၄(က)၊ ၁၂၄(ခ) | နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးနှင့်ပတ်သက်၍ထိန်ချန်ထားခြင်း၊ အကြည်ညိုပျက်အောင်ပြုခြင်း၊ ပြည်ထောင်စု နိုင်ငံ၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကိုဖြစ်စေ အနိုင်အထက်ဖြိုဖျက်စေရန် နှိုးဆော်ခြင်း။ | ထောင်ဒဏ် ၇ နှစ်၊ တစ်သက်တစ်ကျွန်း၊ ၃ နှစ် |
| ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ | ၁၄၃-၁၄၆ | ဥပဒေနှင့်ဆန့်ကျင်သော စုဝေးခြင်းဆိုင်ရာ ပုဒ်မများ | ထောင်ဒဏ် ၂ နှစ် |
| ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ | ၂၉၅၊ ၂၉၅(က) | လူတစားကိုးကွယ်သည့် ဘာသာ သာသနာကို စော်ကားရန် အကြံဖြင့် ကိုးကွယ်ဝတ်ပြုသည့်နေရာကို ဖျက်ဆီးခြင်း သို့တည်းမဟုတ် ယုတ်ညံ့စေခြင်း။ | ထောင်ဒဏ် ၂ နှစ် |
| ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ | ၅၀၅(ခ) | အများပြည်သူ၏ အကျိုးပျက်စီးစေမှုကို ဖြစ်ပေါ်သော ဖော်ပြချက်။ | ထောင်ဒဏ် ၂ နှစ် |
| ၁၉၀၈ မတရားအသင်းအက်ဥပဒေ | ၁၇(၁)၊ ၁၇(၂) | မည်သည်မဆို မတရားအသင်း၏ အဖွဲ့ဝင်ဖြစ်လျှင် သို့တည်းမဟုတ် ယင်းအသင်း၏အစည်းအဝေး၌ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ယင်းအသင်းအတွက် ဝင်ကြေးထည့်ဝင်၊ ရယူ၊ တောင်းခံလျှင် သို့တည်းမဟုတ် တနည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင်။ | ထောင်ဒဏ် ၃ နှစ်၊ ၅ နှစ် |
| ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၁၀(က)၊ ၁၀(ခ) | နိုင်ငံတော်အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုထိပါးစေသူ မည်သူမဆိုကို တရားရုံးအမိန့်ချမှတ်ခြင်းမရှိပဲ နေအိမ်အကျယ်ချုပ် အဖြစ်ထိန်းသိမ်းထားခြင်း။ | ၅ နှစ်၊ နောက်ပိုင်းထပ်တိုးနိုင် |
| ၁၉၅၀ အရေးပေါ်စီမံမှု အက်ဥပဒေ | ၅(ဃ)၊ ၅(ခ)၊ ၅(ည) | အများပြည်သူတို့အား (သို့) ပြည်သူတစ်စုအား အထိတ်တလန့်ဖြစ်စေရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် (သို့) ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်- မမှန်ဟုသိလျှက်နှင့် (သို့) မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျှက်နှင့် မမှန်သတင်း လွှင့်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် (သို့) ယင်းသို့ဖြစ်ရန် အကြောင်းရှိသောအမှုကိုပြုလျှင် ပြည်ထောင်စု၏ လုံခြုံရေးကို သော်လည်းကောင်း ငြိမ်ဝပ်ပိပြားမှုပြည်လည်ထူထောင်ရေးကို သော်လည်းကောင်း ထိခိုက်စေရန်အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ (သို့) ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖေါက်လဲဖေါက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခု လုပ်လျှင် (သို့) ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင်- | ထောင်ဒဏ်၇ နှစ် |
| ၂၀၀၄ အီလက်ထရောနစ် | ၃၃(က)၊ | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာများကို | ထောင်ဒဏ် ၁၅ နှစ် |

| | | | |
|---|---|---|---|
| ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ | ၃၃(ခ)၊ ၃၈ | အသုံးပြု၍ နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသော အမှုပြုခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပေးပို့ခြင်း၊ လက်ခံရယူခြင်း (သို့) ကြိုးပမ်းခြင်း၊ | |
| ၁၉၈၈ အသင်းအပင်း ဖွဲ့စည်းခြင်း ဆိုင်ရာ ဥပဒေ ၆/၈၈ | ၅၊ ၆၊ ၇ | ၁၉၈၈ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ တရားဝင် မှတ်ပုံတင်ခြင်းမရှိသော အဖွဲ့အစည်းဖွဲ့စည်းခြင်း၊ မတည်မငြိမ် ဖြစ်စေခြင်း၊ အဖွဲ့အစည်းဝင်ဖြစ်ခြင်းတို့မှ တားမြစ်သောဥပဒေ။ | ထောင်ဒဏ် ၅ နှစ် |
| ၁၉၉၆ ခုနှစ် အမျိုးသားညီလာခံအား နောက်ယှက် ဖျက်ဆီးခြင်းမှ ကာကွယ်ဟန့်တားသည့် ဥပဒေ ၅/၉၆ | ၃၊ ၄၊ ၅၊ ၆ | အမျိုးသားညီလာခံကို နောက်ယှက်ဖျက်ဆီးခြင်းမှ ကာကွယ် ဟန့်တားသည့် ဥပဒေ။ | ထောင်ဒဏ် ၂၀ နှစ် |
| ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေ | ၁၇/၂၀ | ပုံနှိပ်စာအုပ်စာတမ်းအားလုံး မဖြန့်ဝေခင် စာပေစိစစ်ရေးအဖွဲ့ကို တင်ပြရမည်။ | ထောင်ဒဏ် ၇ နှစ် |
| ၁၉၂၃ လျှို့ဝှက်လုပ်ငန်း ဥပဒေ | ၃ | ရန်သူကို အကျိုးဖြစ်စေသော သတင်းအချက်အလက်များကို ဖြန့်ဝေသူ မည်သူမဆို | ထောင်ဒဏ် ၁၄ နှစ် |
| ၁၉၉၆ ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေ | ၃၂(ခ) | စီစစ်ရေးမှ ခွင့်ပြုချက်မရဘဲ မိတ္တူကူးပွါးခြင်း၊ ဖြန့်ဖြူးခြင်း၊ ငှားရမ်းခြင်း နှင့် ပြသခြင်း စသည်တို့ကို ပြုလုပ်ခြင်း။ | ထောင်ဒဏ် ၃ နှစ် |
| ၁၉၄၇ခုနှစ် ပြည်သူလူထု ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းသည့်အက်ဥပဒေ | | ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းခြင်းဆိုင်ရာများ | ထောင်ဒဏ် ၅ နှစ် |
| ၁၈၇၈ လက်နက် အက်ဥပဒေ | | လိုင်စင်မဲ့လက်နက်များ ထုတ်လုပ်ခြင်း၊ လက်ဝယ်ကိုင်ဆောင်၊ ရောင်းဝယ်၊ အသုံးပြုခြင်းဆိုင်ရာ ဥပဒေ | ထောင်ဒဏ် ၇ နှစ် |
| ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်မှု အက်ဥပဒေ | | မြန်မာနိုင်ငံပြင်ပအပါအဝင် ပြည်သူပိုင်ပစ္စည်းများအား ခွင့်ပြုချက်မရှိပဲ ရယူအသုံးပြုခြင်းနှင့်ဆိုင်ရာများ | ထောင်ဒဏ် ၇ နှစ် |
| ၁၉၃၁ ခုနှစ် ပုံနှိပ်လုပ်ငန်း၊ စာနယ်ဇင်းနှင့် ရေဒီယို ရုပ်မြင်သံကြား၊ သတင်းဌာန အက် ဥပဒေ(အရေးပေါ်အာဏာများ) | ပုဒ်မ-၁၇ | တရားဝင်ခွင့်ပြုထားခြင်းမရှိသည့် သတင်းစာ၊ သတင်းလွှာများ တရားမဝင်ပုံနှိပ်စက်အသုံးပြုကာ ထုတ်လုပ်ဖြန့်ဖြူးခြင်း ဆိုင်ရာများ | ထောင်ဒဏ် ၆ လ |
| သွင်းကုန်ထုတ်ကုန်လုပ်ငန်း အက်ဥပဒေ | ပုဒ်မ-၅(၁) | ထုတ်ကုန်သွင်းကုန် အက်ဥပဒေမှ ကန့်သတ်ထားသည်များအား ရယူ၊ ကိုင်ဆောင် အသုံးပြုခြင်းဆိုင်ရာများ | ထောင်ဒဏ် ၇ နှစ် |


နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ)

ဆက်သွယ်ရန်
ကိုတိတ်နိုင် (အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၂၈၇ ၈၇၅၁
ကိုဘိုကြည် (တွဲဖက်အတွင်းရေးမှူး) +၆၆ (၀) ၈၁ ၉၆၂ ၈၇၁၃